
The Essence

mgyoe.com

# အောင်မြင်ဖို့အတွက် စွန့်လွှတ်စွန့်စားခြင်း တောတွင်းသင်ခန်းစာများ

ဇေယျာ

မြန်မာပြန်




mgyoe.com

mgyoe.com

# RISK TO SUCCEED

Ricky Cohen



မိမိ၏ ပင်ကိုအရည်အချင်းကို
ဖော်ထုတ်ခြင်းနှင့်
အောင်မြင်မှုအား ရှာဖွေခြင်းအတွက်
ပုံပမာသင်ခန်းစာများ



ZYT0052
1,500.00 KS

mgyoe.com

mgyoe.com

မျက်နှာဖုံးပန်းချီ - ဖေသစ်တည်
ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊
DUTY(ဂျူတီ)စာပေ(၀၂၀၇၇)၊
အမှတ်(၄၉၉)၊ ၆-လွှာ(က)၊ ဓမ္မာရုံလမ်း၊
(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ မိုးကောင်း၊ ရန်ကင်း။

အောင်မြင်ဖို့အတွက် စွန့်လွှတ်စွန့်စားခြင်း/ ဇေရတု၊ မြန်မာပြန်-
ရန်ကုန်။
The Essence၊ ပထမအကြိမ်၊ ၂၀၁၉။
စာမျက်နှာ ၈၆+ မျက်နှာ၊
၁၃ စင်တီ × ၂၀.၅ စင်တီ

mgyoe.com

mgyoe.com

မိမိ၏ ပင်ကိုအရည်အချင်းကို
ဖော်ထုတ်ခြင်းနှင့် အောင်မြင်မှုအား
ရှာဖွေခြင်းအတွက် ပုံပမာသင်ခန်းစာများ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- နိဒါန်း က
- ပဏာမ ဈ

ဘဝအသစ်တစ်ခု


## အပိုင်း တစ်
## တော၏ ဉာဏ်ပညာ
## ဖော်ထုတ်ခြင်း


၁။ ရှစ်နှစ်သမီး ဆင်မလေး ဘယ်လာ ၃

၂။ လိပ်ပြာ ၆

၃။ ရူးရူးစမ်းစမ်း ပေါင်းဖက်မိခြင်း ၉

၄။ ဖော်ထုတ်ပါ၊ စိတ်ကူးပုံဖော်ပါ ၁၁

၅။ သတ္တိ ၁၅

၆။ အောင်မြင်ဖို့ စွန့်စားကြစို့ ၂၂


## အပိုင်း နှစ်
## တော၏ ဉာဏ်ပညာ
## အောင်မြင်ဖို့ စွန့်စားကြစို့


၇။ ကြည့်ပါ၊ သိအောင်လုပ်ပါ ၂၉

၈။ အကောင်းအထည်ဖော်ပါ ၃၅

၉။ လက်တွေ့ဟာ စိတ်ကူးထက် ပိုခမ်းနားကြီးကျယ်တယ် ၃၉


mgyoe.com

mgyoe.com

## အပိုင်း သုံး
## တောဓ၏ ဉာဏ်ပညာ
## ဖယ်ပစ်၊ ဖယ်ပစ်၊ ချန်ထားရစ်


| | | |
|---|---|---|
| ၁၀။ | ခလုတ်တံသင်းများ | ၄၃ |
| ၁၁။ | ဖယ်ပစ်၊ ဖယ်ပစ်၊ ချန်ထားရစ် | ၄၇ |


## အပိုင်း လေး
## တောဓ၏ ဉာဏ်ပညာ
## တောတွင်းမှာ ရုန်းကန်ရှင်သန်ခြင်း


| | | |
|---|---|---|
| ၁၂။ | သိအောင် သင်ယူပါ | ၅၅ |
| ၁၃။ | တားမြစ်တောအုပ်အတွင်း ခရီးသွားခြင်း | ၆၁ |
| ၁၄။ | တော၏တရားမျှတမှု | ၆၆ |
| ၁၅။ | တိရစ္ဆာန်ရည်ချွန်သင်တန်းကျောင်း | ၇၃ |

- နိဂုံး ၇၇
- စီရာ၊ သို့မဟုတ် လိပ်ပြာတစ်ကောင်၏ မှတ်စု ၈၀
- စာရေးသူအကြောင်း ၈၅


❐

mgyoe.com

mgyoe.com

## နိဒါန်း

*"နိဒါန်းမပါတဲ့ စာအုပ်ဆိုတာမရှိဘူး။ စာရေးဆရာ၊ သူ့စကားလုံးတွေ၊ သူ့စိတ်ကူးတွေနဲ့ ဆက်နွှယ်မှုမရှိ......"*

ကျွန်ုပ်တို့က စိတ်ဝင်စားဖို့ကောင်းသော ခေတ်တစ်ခုတွင် နေ ထိုင်နေကြခြင်းဖြစ်၏။ ဉာဏ်ပညာဆိုင်ရာ နယ်နိမိတ်တို့က ကွယ် ပျောက်နေကြကုန်၏။ ပထဝီဆိုင်ရာ နယ်နိမိတ်တို့ကလည်း ပိုင်းခြားရန် မလွယ်တော့ချေ။ နိုင်ငံရေးလောက၊ စီးပွားရေးလောက နှင့် Nonprofit(အကျိုးအမြတ်မမျှော်သော လုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် သက်ဆိုင်သော) လောကတို့ အကြားရှိ နယ်နိမိတ်မျဉ်းတို့ မှာလည်း ဆိုင်ရာဘာသာရပ်တစ်ခုစီတွင်ရှိသော အကျော်အမော် ပုဂ္ဂိုလ်တို့က အခြားနယ်ပယ်တို့၌ပါ ခေါင်းဆောင်ပိုင်းနေရာများ ကို ဝင်ယူလာကြသောကြောင့် မှေးမှိန်ပျောက်ကွယ်လာကြသည်။ ဒေသန္တရစီးပွားရေးမှ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖြစ်လာသည်။ Stakeholders (လုပ်ငန်းတစ်ရပ်၌ ပါဝင်ပတ်သက်နေသော

mgyoe.com

mgyoe.com



လူများ) တို့က ကမ္ဘာပေါ်တွင် အဆုံးစွန်ထိအောင် စောင့်ရှောက် ပျိုးထောင်ထားသော ပင်ကိုပါရမီ၊ အရည်အချင်းနှင့် ဦးနှောက် စွမ်းအားတို့ကို ပြိုင်ဆိုင်ကြသည်။ ၎င်းတို့ထံမှ အကျိုးအမြတ် ရယူကြသည်။

ရုပ်ခွန်အားနေရာသို့ စိတ်အင်အားကဝင်ယူလာပြီး သဘာဝ သယံဇာတများကို အောင်မြင်ခြင်း၊ ဩဇာကြီးမားခြင်းတို့အတွက် ခိုင်မာစေသော စိတ်အချနိုင်ဆုံးအရာဖြစ်သည့် ကမ္ဘာသုံးငွေကြေး အဖြစ် အလျင်အမြန် အစားထိုးပစ်လိုက်၏။

လည်ဝယ်ပါးနပ်သော စွန့်ဦးသူတို့သည် နိုင်ငံအများပိုင်ဆိုင် သည်ထက် ပိုလွန်သော ဥစ္စာဓနကို စုဆောင်းရရှိထားကြသည်။ အသက်အရွယ်နှင့် အတွေ့အကြုံကို ရှေးယခင်ကလိုပင် လေးစား ကြည်ညိုမှုတို့ ရှိလာပြန်သည်။

ချမ်းမြေ့ပျော်ရွှင်ခြင်းနှင့် အောင်မြင်ခြင်းတို့အတွက် အခွင့် အလမ်းများက အလျှံပယ်ရှိပါသည်။ တန်ဖိုးအရ အပြောင်းအလဲ မရှိသော အရာတို့မှာ ခွန်အားသတ္တိနှင့် အသိပညာရှာမှီးထားခြင်း တို့ပင် ဖြစ်သည်။ "ကမ္ဘာလုံးဆိုင်ရာ ပညာအခြေပြုစီးပွားရေး" က လူတိုင်း၊ အရာတိုင်းဆီမှ သွယ်ဝိုက် ကွေ့ကောက်ခြင်း ဂုဏ် သတ္တိကို ဖယ်ရှားပစ်နေသောကြောင့် ပွင့်လင်းမြင်သာမှုနှင့် တည်တံ့ခိုင်မြဲမှုတို့က မျှော်မှန်းစံနှုန်းများ ဖြစ်လာသည်။

လူတစ်ယောက်အတွက် လူသားတို့အောင်မြင်မှုကို ထာဝရ လမ်းပြပေးခဲ့သော ရှေးပဝေသဏီက သဘောတရားများကို ကျွမ်း ကျင်ပိုင်နိုင်အောင် လုပ်ပြီး သူ၏သက်မွေးအလုပ် Career ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရန် မကြုံစဖူး အခွင့်အလမ်း က ရှိရပါသည်။ သင်က entrepreneur (စီးပွားရေးစွမ်းဆောင် ရှင်) ပဲဖြစ်ဖြစ်၊ intra - preneur (အစဉ်အလာအတိုင်းထားတဲ့ အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံတစ်ခုအတွင်း မိမိ အောင်မြင် မှုကို အမြင့်ဆုံးရောက်အောင် လုပ်ဆောင်ရန် ရှာဖွေနေသူ) ပဲ ဖြစ်ဖြစ် အခွင့်အလမ်းများက ကြီးမားပြီး "အောင်မြင်ဖို့ စွန့်စားကြ

mgyoe.com

mgyoe.com



စို့ ” လမ်းညွှန်ချက်များမှာ တန်ဖိုးမဖြတ်နိုင်အောင် ရှိပါသည်။

ထာဝရဉာဏ်ပညာ၏ တပည့်လက်သားတစ်ယောက်အဖြစ် ခံယူလိုက်ပါ။ ၎င်းဉာဏ်ပညာကို သင့်တော်ကိုက်ညီသော အသုံးချမှုနှင့် ပူးပေါင်းပေးပါ။ အောင်မြင်ဖို့ စွန့်စားလိုက်ပါ။

## အခြေခံ (သို့မဟုတ်) စတင်ရာနေရာ

*“ခင်ဗျားရဲ့ အရှိတရားကို ခင်ဗျားသက်သေပြနိုင်ပါလိမ့်မယ်။ အထိန်းအကျောင်းကောင်းတဲ့ အရှိတရားက စိတ်ကူးသက်သက်ထက် ပိုလို့တောင် ထူးကဲကောင်းမွန်ပါလိမ့်ဦးမယ် ”*

သက်မွေးအလုပ် အောင်မြင်မှုသည် သင့်တော်ကောင်းမွန်သော အခြေခံနှင့် စတင်သည်။

## မမှားတဲ့အဆို ၁ း မြေပုံနဲ့ဆောင်ရွက်မှု

အရာအားလုံးကို အသင့်ရရှိပြီးမြောက်နိုင်သော ခေတ်တစ်ခေတ်၌ ကျွန်တော်တို့ နေထိုင်ကြသည်။ သတင်းအချက်အလက်နှင့် ထုတ်ကုန်များကို အရန်သင့် သုံးစွဲရယူနိုင်ခြင်း၌ ကြီးစွာသော တန်ဖိုးရှိပါ၏။ သို့သော်လည်း အရန်သင့် သုံးစွဲရယူနိုင်ခြင်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့် ပျောက်ဆုံးခြင်းတို့က ကျွန်ုပ်တို့အား ရောထွေးဝေဝါးစေပြီး အကောင်းဟူသမျှကို လွယ်လွယ်နှင့် မြန်မြန် ရရှိနိုင်သည်ဟူသည့် အထင်ကို ဖြစ်စေပါသည်။

အများသိကြသည့်အတိုင်း လူ့ဘဝ၌ ရေရှည်တည်တံ့သော အရာများအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည့်အခါ ချက်ချင်းလက်ငင်းရနိုင်သည့်အရာဟူ၍ ဘာမျှမရှိပါ။ ချမ်းမြေ့ပျော်ရွှင်ခြင်း၊ သာယာသော အိမ်ထောင်ရေး၊ ပျော်ရွှင်အောင်မြင်သော ရင်သွေးများ၊ ထွန်းကားသော သက်မွေးအလုပ် စသည့် ဘဝ၏အမှတ်သညာအရာများက အမြဲပွားများနေသည့် ဖန်တီးနိုင်စွမ်းသော

mgyoe.com

mgyoe.com



လူများ) တို့က ကမ္ဘာပေါ်တွင် အဆုံးစွန်ထိအောင် စောင့်ရှောက် ပျိုးထောင်ထားသော ပင်ကိုပါရမီ၊ အရည်အချင်းနှင့် ဦးနှောက်စွမ်းအားတို့ကို ပြိုင်ဆိုင်ကြသည်။ ၎င်းတို့ထံမှ အကျိုးအမြတ်ရယူကြသည်။

ရုပ်ခွန်အားနေရာသို့ စိတ်အင်အားကဝင်ယူလာပြီး သဘာဝသယံဇာတများကို အောင်မြင်ခြင်း၊ ဩဇာကြီးမားခြင်းတို့အတွက် ခိုင်မာစေသော စိတ်အချနိုင်ဆုံးအရာဖြစ်သည့် ကမ္ဘာသုံးငွေကြေးအဖြစ် အလျင်အမြန် အစားထိုးပစ်လိုက်၏။

လည်ဝယ်ပါးနပ်သော စွန့်ဦးသူတို့သည် နိုင်ငံအများပိုင်ဆိုင်သည်ထက် ပိုလွန်သော ဥစ္စာဓနကို စုဆောင်းရရှိထားကြသည်။ အသက်အရွယ်နှင့် အတွေ့အကြုံကို ရှေးယခင်ကလိုပင် လေးစားကြည်ညိုမှုတို့ ရှိလာပြန်သည်။

ချမ်းမြေ့ပျော်ရွှင်ခြင်းနှင့် အောင်မြင်ခြင်းတို့အတွက် အခွင့်အလမ်းများက အလျှံပယ်ရှိပါသည်။ တန်ဖိုးအရ အပြောင်းအလဲမရှိသော အရာတို့မှာ ခွန်အားသတ္တိနှင့် အသိပညာရှာမှီးထားခြင်းတို့ပင် ဖြစ်သည်။ "ကမ္ဘာလုံးဆိုင်ရာ ပညာအခြေပြုစီးပွားရေး" က လူတိုင်း၊ အရာတိုင်းဆီမှ သွယ်ဝိုက် ကွေ့ကောက်ခြင်း ဂုဏ်သတ္တိကို ဖယ်ရှားပစ်နေသောကြောင့် ပွင့်လင်းမြင်သာမှုနှင့် တည်တံ့ခိုင်မြဲမှုတို့က မျှော်မှန်းစံနှုန်းများ ဖြစ်လာသည်။

လူတစ်ယောက်အတွက် လူသားတို့အောင်မြင်မှုကို ထာဝရလမ်းပြပေးခဲ့သော ရှေးပဝေသဏီက သဘောတရားများကို ကျွမ်းကျင်ပိုင်နိုင်အောင် လုပ်ပြီး သူ၏သက်မွေးအလုပ် Career ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရန် မကြုံစဖူး အခွင့်အလမ်းက ရှိရပါသည်။ သင်က entrepreneur (စီးပွားရေးစွမ်းဆောင်ရှင်) ပဲဖြစ်ဖြစ်၊ intra - preneur (အစဉ်အလာအတိုင်းထားတဲ့ အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံတစ်ခုအတွင်း မိမိ အောင်မြင်မှုကို အမြင့်ဆုံးရောက်အောင် လုပ်ဆောင်ရန် ရှာဖွေနေသူ) ပဲဖြစ်ဖြစ် အခွင့်အလမ်းများက ကြီးမားပြီး "အောင်မြင်ဖို့ စွန့်စားကြ

mgyoe.com

mgyoe.com



စို့ ” လမ်းညွှန်ချက်များမှာ တန်ဖိုးမဖြတ်နိုင်အောင် ရှိပါသည်။

ထာဝရဉာဏ်ပညာ၏ တပည့်လက်သားတစ်ယောက်အဖြစ် ခံယူလိုက်ပါ။ ၎င်းဉာဏ်ပညာကို သင့်တော်ကိုက်ညီသော အသုံးချမှုနှင့် ပူးပေါင်းပေးပါ။ အောင်မြင်ဖို့ စွန့်စားလိုက်ပါ။

## အခြေခံ (သို့မဟုတ်) စတင်ရာနေရာ

*“ခင်ဗျားရဲ့ အရှိတရားကို ခင်ဗျားသက်သေပြနိုင်ပါလိမ့်မယ်။ အထိန်းအကျောင်းကောင်းတဲ့ အရှိတရားက စိတ်ကူးသက်သက်ထက် ပိုလို့တောင် ထူးကဲကောင်းမွန်ပါလိမ့်ဦးမယ် ”*

သက်မွေးအလုပ် အောင်မြင်မှုသည် သင့်တော်ကောင်းမွန်သော အခြေခံနှင့် စတင်သည်။

## မမှားတဲ့အဆို ၁ ။ မြှုပ်နှံဆောင်ရွက်မှု

အရာအားလုံးကို အသင့်ရရှိပြီးမြောက်နိုင်သော ခေတ်တစ်ခေတ်၌ ကျွန်တော်တို့ နေထိုင်ကြသည်။ သတင်းအချက်အလက်နှင့် ထုတ်ကုန်များကို အရန်သင့် သုံးစွဲရယူနိုင်ခြင်း၌ ကြီးစွာသော တန်ဖိုးရှိပါ၏။ သို့သော်လည်း အရန်သင့် သုံးစွဲရယူနိုင်ခြင်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့် ပျောက်ဆုံးခြင်းတို့က ကျွန်ုပ်တို့အား ရောထွေးဝေဝါးစေပြီး အကောင်းဟူသမျှကို လွယ်လွယ်နှင့် မြန်မြန် ရရှိနိုင်သည်ဟူသည့် အထင်ကို ဖြစ်စေပါသည်။

အများသိကြသည့်အတိုင်း လူ့ဘဝ၌ ရေရှည်တည်တံ့သော အရာများအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည့်အခါ ချက်ချင်းလက်ငင်းရနိုင်သည့်အရာဟူ၍ ဘာမျှမရှိပါ။ ချမ်းမြေ့ပျော်ရွှင်ခြင်း၊ သာယာသော အိမ်ထောင်ရေး၊ ပျော်ရွှင်အောင်မြင်သော ရင်သွေးများ၊ ထွန်းကားသော သက်မွေးအလုပ် စသည့် ဘဝ၏အမှတ်သညာအရာများက အမြဲပွားများနေသည့် ဖန်တီးနိုင်စွမ်းသော

mgyoe.com

mgyoe.com



ထက်သန်သော မြှုပ်နှံဆောင်ရွက်မှု Commitment ကို လိုအပ်ပါသည်။ ၎င်းက အများအားဖြင့် ကျွန်ုပ်တို့ ပေးနိုင်သည်ဟု မျှော်မှန်းထားသည်ထက် ကျော်လွန်နေနိုင်ပါသည်။

ကျွန်ုပ်တို့ လိုလားသော မျှော်လင့်ထားသော အရာတို့ထံမှ ထုတ်နုတ်ထားသည့် အချိန်၊ စိတ်ရှည်သည်းခံမှု၊ ဖွဲလုံ့လ၊ အသစ်ရှာတွေ့သည့် စွမ်းအင်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ကြံ့ခိုင်ခြင်း အားလုံးတို့ကို ဘဝ၏ဆုတံဆိပ် အစစ်အမှန်များ ရယူဖို့ရန် ဆောင်ယူလာရပါမည်။

မြှုပ်နှံဆောင်ရွက်မှု Commitment သည် အစမှတ်ဖြစ်၏။ ကျွန်ုပ်တို့ကို ရပ်တည်ကြီးပြင်းနိုင်စေသော စွမ်းအင်ဖြစ်၏။ ပံ့ပိုးကူညီသူ Facilitator အားလုံးအတွက် ပံ့ပိုးကူညီသူ Facilitator ဖြစ်၏။

မြှုပ်နှံမှုတစ်ခု လုပ်ဆောင်လိုက်ပါ။ နောက်လာမည့် စာမျက်နှာများအား ဖတ်ရှုရသည်ကို သင်နှစ်သက်သည်ဆိုရင် သင်ပိုင်နိုင်သည့်အရာ ဖြစ်အောင် လုပ်ဆောင်လိုက်ပါ။

## မမှားတဲ့ အဆို ၂ ： “ငါက အရင်လာတယ်”

“ငါက ဒါတွေအားလုံးကို ကလေးတွေအတွက် လုပ်တာ”၊ သို့မဟုတ် “ငါ အဓိကထားတာက အလုပ်ကနေ အနားယူပြီး တစ်ချိန်မှာ ကိုယ့်ပတ်ဝန်းကျင်က လူတွေရဲ့ ကောင်းရာကောင်းကျိုး အတွက် စွမ်းစွမ်းတမံ မြှုပ်နှံဆောင်ရွက်နိုင်တဲ့ အခြေအနေတစ်ခုကို ရောက်ဖို့ပဲ။ ဒါကသာ ဘဝရဲ့ အဓိပ္ပာယ်မဟုတ်လား” စသည့် စကားမျိုးကို လူတို့ ပြောဆိုကြသည် ကို ကြားရတတ်ပါသည်။

တကယ်တော့ ထိုသို့မဟုတ်ပါ။ ဘဝဆိုသည်က သင့်ကိုယ်သင် ရှေ့တန်းတင်ခြင်းဖြစ်၏။ မိမိကိုယ်ကိုယ် ချစ်ခြင်း၊ မိမိကိုယ်ကိုယ် စောင့်ရှောက်ခြင်း၊ မိမိကောင်းကျိုးနှင့် အောင်မြင်မှု အတွက် အလုံးစုံအားစိုက်ထုတ်ခြင်း၊ အာရုံပြုထားခြင်းက အရင်လာပါ၏။

mgyoe.com

mgyoe.com



သင့်ကိုယ်သင်ထက် သူတစ်ပါးအပေါ်ပို မချစ်နိုင်၊ ပို မစောင့်ရှောက်နိုင်ပါ။ သူတစ်ပါးကိစ္စတို့အတွက်လည်း ထိုနည်းလည်းကောင်းပင်။

မိမိကိုယ်ကိုယ် စစ်မှန်သော ချစ်ခြင်းရှိပြီး မိမိ၏လိုအပ်ချက်များအပေါ် အဓိက အာရုံပြုထားသည့်အခါ သူတစ်ပါးကို ပေးကမ်းရန် ပို၍ ကြီးမြင့်သော စွမ်းရည်ကို ရရှိလာပါလိမ့်မည်။

သင် ချစ်သောသူများအပါအဝင် အခြားတစ်ပါးသော သူများထက် သင့်ကိုယ်သင် ချစ်ခြင်းကို နေသားကျအောင် လုပ်ပါ။ သင့်မှာ ရှိသော အဖိုးအတန်ဆုံးအရာကို စောင့်ရှောက်သလိုမျိုး သင့်ကိုယ်သင် စောင့်ရှောက်ပါ။ သင်၏လိုအပ်ချက်များကို အရင်ဆုံး အာရုံစိုက်ပါ။ သင်၏နေ့ရက်များကို ၎င်းလိုအပ်ချက်များအပေါ် အခြေခံ၍ အကောင်အထည်ဖော် တည်ဆောက်ယူပါ။ ဤရှုထောင့်က သင့်အတွက် အသင့်တော်ဆုံး သက်မွေး အလုပ် Career ကို ရှာဖွေနေစဉ်၌ လိုအပ်သမျှ ခွန်အားကို သင့်အား ပေးပါလိမ့်မည်။

## မမှားတဲ့အဆို – ၃ း "ကမ္ဘာကြီးက ငါ့အတွက် ဖန်ဆင်းထားတာ"

ဘောဘီလုံခေတ် ရှေးဟောင်းဓလေ့ထုံးတမ်းဥပဒေကျမ်းတစ်ခု၌ ဖော်ပြထားသော အံ့သြစရာကောင်းသည့် အကြံပြုချက်တစ်ခုရှိသည်။ "လူတစ်ယောက်စီတိုင်းသည် မနက်အိပ်ရာထသည်နှင့် 'ကမ္ဘာကြီးက ငါ့အတွက် ဖန်ဆင်းထားတာ' ဆိုသည့် စကားလုံးများကို စဉ်းစားခြင်း၊ သို့မဟုတ် ရွတ်ဆိုခြင်း ပြုရမည်" ဟူ၏။ ဤသို့ ပြုလုပ်ခြင်းဖြင့် "သူ့ကို အများသူ ငါတို့ထက် ကွဲပြားသော လက်တွေ့ဘဝကို ရရှိနိုင်သည်" ဟု ကျမ်းပြုပညာရှိတို့က ဆိုထား၏ ။

မနက်တိုင်း အိပ်ရာထသည်နှင့် သင်နေထိုင်သော ကျယ်ပြန့်သည့် ကမ္ဘာလောကကြီးအကြောင်းကို စဉ်းစားကြည့်သင့်ပါ

mgyoe.com

mgyoe.com



သည်။ ကွဲပြားစုံလင်လှသော ကမ္ဘာသူကမ္ဘာသားတို့၏ အံ့လောက်စရာ အရင်းအမြစ်၊ ပင်ကို စွမ်းရည်နှင့် တီထွင်ဉာဏ်တို့အကြောင်း စဉ်းစားကြည့်သင့်ပါသည်။ မဟာ့မဟာ တီထွင်မှုကြီးများ၏ ပင်မသွေးကြော၊ တီထွင်ဆန်းသစ်သူတို့၏ဩဇာအာဏာတို့ အကြောင်းကို စဉ်းစားကြည့်သင့်ပါသည်။ ဥပမာ သင်၏ ထုတ်ကုန်အတွက် ရောင်းချမည့်နေရာ Marketplace ကို စဉ်းစားသည့်အခါ ဈေးကွက်အတွင်း ပြည့်ဝအဆင့် Level of Saturation ကို စိတ်ပူခြင်းထက် ၎င်းပြည့်ဝအခြေအနေကို သင်ရောင်းချမည့်အရာအတွက် အခြေခံလမ်းစဉ် Platform အဖြစ် စဉ်းစားသင့်သည်။ ဈေးကွက်အခြေအနေများ၊ ငွေကြေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများမှာ မည်သူမဆို၏ ထုတ်ကုန်အစပြု ဖြန့်ဖြူး ခြင်း၊ သို့မဟုတ် အလုပ်နေရာယူခြင်း Career positioning တို့အတွက် အချက်အချာကျသည့်အရာများဖြစ်ပြီး အောင်မြင်မှုကို လမ်းဖွင့်ပေးနိုင်ကြသည်။ ဤရှုထောင့်မှ သင့်ကိုယ်သင် မနက်တိုင်း ခွန်အားပေးခြင်းက သင့်ပတ်ဝန်းကျင်မှ လူတို့ထက် သာလွန်သော အကျိုးကျေးဇူးတစ်ရပ် သင့်ကို ပေးပါလိမ့်မည်။

## မမှားတဲ့ အဆို ၄ း "ငါက ခြွင်းချက်မရှိ ထူးခြား ပြောင်မြောက်သူ ဖြစ်တယ်"

သင့်မှာ ရှိသင့်သော အဓိက အမြင်တစ်ခု၊ သင်၏ ကလေးများဆီ၌ သွတ်သွင်းပေးသင့်သော ပဓာနကျသည့် အမြင်တစ်ခုမှာ 'ခြွင်းချက်မရှိ ထူးခြားပြောင်မြောက်ခြင်း' ဆိုသည့် သဘောထားဖြစ်၏။ တစ်နည်းပြောရလျှင် အောင်မြင်သည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ မည်သည့်အခြေအနေမျိုးနှင့် ကြုံရကြုံရ သင်သည် ခြွင်းချက်မရှိ ထူးခြားပြောင်မြောက်ပါ၏။ "ငါဟာ ငါဖြစ်နေတာကြောင့် ထူးခြားတာ"

လူသည် ဖန်တီးခြင်းဆိုင်ရာ ဖြစ်စဉ်၏ အထွတ်အထိပ်ဖြစ်၏။ လူ ၌ ဆင်ခြင်နိုင်စွမ်းထက် ကျော်လွန်သော၊ စိတ်ကူးများနှင့်

mgyoe.com

mgyoe.com



အယူအဆများကို နားလည်ဆင်ခြင်နိုင်သော အစွမ်းရှိသည်။ ရိုးရှင်းသော အတွေးတစ်ခုနှင့် သူ့ဝန်းကျင်လောကကို အကျိုးသက်ရောက်စေနိုင်စွမ်း၊ စကားတစ်ခွန်း၊ သို့မဟုတ် သူ၏ ဆိတ်ငြိမ်မှုဖြင့် ကမ္ဘာလောကကို ပြောင်းလဲစေနိုင်သော အစွမ်းလည်း လူမှာ ရှိသည်။ လူသည် စိတ်ကူးရည်မှန်းနိုင်သည်။ မျှော်တွေး နိုင်သည်။ စေ့ဆော်မှုအား ရနိုင်သည်။ ပြုးနိုင်သည်။ လူ၏ လုပ်ရပ်များသည် ထိုလုပ်ရပ်ပြီးနောက် မျိုးဆက်များစွာအတွက် အကျိုးကျေးဇူး အမြောက်အမြားကို ဖြစ်စေသည်။ လူသည် ပင်ကိုအားဖြင့် ထူးခြားသူဖြစ်၏။

ထူးခြားပြောင်းမြောက်ခြင်းသည် ပြီးပြည့်စုံခြင်းတော့ မဟုတ်ပေ။ သို့သော် ပြိုင်ဘက်ကင်းသော၊ အံ့မခန်းလောက်သော တည်ရှိမှုဟူသည့် သဘောသက်ရောက်သည်။ မည်သည့်အရာကမှ လူတစ်ယောက်၏ ပင်ကိုပါ ထူးကဲခြင်းကို ယူဆောင်မသွားနိုင်ပေ။ ကျွန်ုပ်တို့၏ သက်မွေးအလုပ် Career ကို မြေတောင်မြှောက်ပေးရန် သတ္တိတို့ ရှာကြံမွေးမြူနေစဉ်၌ ဤအမြင်၊ ဤရှုထောင့်မျိုး ကျွန်ုပ်တို့မှာ ရှိထားဖို့က အရေးကြီးပါသည်။

❒

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## ပဏာမ
## ဘဝအသစ်တစ်ခု

ရှင်သန်မှာလား.......

တောရယ်လို့ဖြစ်လာပြီး နှစ်နှစ်နီးနီးအချိန်ရောက်တော့ တောအတွင်း မှာ အရေးကြီးတဲ့ အချိန်တစ်ခု ဆိုက်ရောက်လို့ လာပါတယ်။ အချိန်က နွေးထွေးတဲ့ နေ့လယ်ခင်းတစ်ခုဖြစ်ပြီး လေထုထဲမှာ စိတ်လှုပ်ရှားခြင်းနဲ့ မျှော်လင့်ခြင်းတို့ ပြည့်နှက်နေပါ တယ်။ ဆင်အုပ်တစ်အုပ်စခန်းချတဲ့ စိမ့်မြေအတွင်းမှာတော့ အသစ် စက်စက် မွေးဖွားလာမယ့် ရင်သွေးငယ်ကို မျှော်လင့် စောင့်စားနေ ကြလေရဲ့။ ဆင်အုပ်ရဲ့ ခေါင်းဆောင်ဆင်မကြီး ရှီဖာဟာ သူ့ရဲ့ ပထမဆုံးရင်သွေးကို မွေးဖွားတော့မှာပါ။

မနက်စောစော နေက မိုးကုပ်စက်ဝိုင်းကို ကျော်လာတဲ့ အချိန်မှာတော့ ကျန်းမာသန်စွမ်းပြီး ချစ်စရာကောင်းတဲ့ ဆင်မလေး တစ်ကောင်မွေးပြီဆိုတဲ့ သတင်းစကားဟာ အုပ်စုခေါင်းဆောင်တွေ ဆီကို ရောက်လာပြီး အဲဒီကမှတစ်ဆင့် အားလုံးဆီကို ပျံ့နှံ့သွား ပါတယ်။ တောဟာ ချက်ချင်းပဲ ၎င်းရဲ့ ပထမဆုံးစမ်းသပ်မှုကို

mgyoe.com

mgyoe.com



ပေးအပ်လိုက်ပါတယ်။ ဆင်မကလေးဟာ မတ်တတ်ရပ်နိုင်မှာလား။ တောရဲ့ဥပဒေသတွေက မွေးပြီးပြီးချင်း နာရီပိုင်းအတွင်း မတ်တတ်ရပ်နိုင်တဲ့ သားပေါက်တွေသာ ရှင်သန်နိုင်လိမ့်မယ်လို့ ပြဋ္ဌာန်းထားပါတယ်။ နောက်ဆုံးမှာတော့ ကလေးငယ်ဟာ ပထမဆုံး စမ်းသပ်မှုကို ကျော်လွှားနိုင်ပြီ၊ အခက်အခဲ နည်းနည်းရှိပေမဲ့ မတ်တတ်ရပ်နိုင်ခဲ့ပြီဆိုတဲ့ သတင်းကြားရလို့ အုပ်စုဝင်တွေ ဝမ်းမြောက်ပျော်ရွှင်ကြရပါတယ်။ ရှီဖာ့အတွက်တော့ သူ့ရဲ့ ရင်သွေး အသစ်စက်စက်ကလေးက အလှဆုံး၊ ချစ်စရာ အကောင်းဆုံးပါ။ ပေါင်နှစ်ရာ ပျော်ရွှင်မှုကြီးပါ။ သူ့ဘေးနားမှာ နို့ချို့ တိုက်ကျွေး နွေးထွေးအောင်လုပ်ပေးနေရင်းက ကလေးမလေးက သူ့ကို ပြုံးပြနေသလို ခံစားလိုက်ရပါတယ်။

ရက်သတ္တပတ် နည်းနည်းကြာတော့ ရှီဖာက နာမည်ရွေးပေးဖို့ အချိန်ကျလာပါပြီ။ ရိုးရိုးနဲ့ယဉ်ယဉ် 'ဘယ်လာ (Bella)' ဆိုတဲ့ နာမည်လေးကို ဆင်ပေါက်ကလေးအတွက် ပေးမှာပါ။ Bella ဆိုတာက ရှေးဟောင်းဂနိုင် ကျမ်းစာမှာ 'ဘဝ၏ အလားအလာ' ဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။

❐

mgyoe.com

mgyoe.com

“တောရဲ့ ဥပဒေသတွေက မွေးပြီးပြီးချင်း
နာမ်ိပိုင်းအတွင်း မတ်တတ်ရပ်နိုင်တဲ့သူတွေသာ
ရှင်သန်နိုင်လိမ့်မယ်လို့ ပြဌာန်းထားတယ်”

mgyoe.com

mgyoe.com

# အပိုင်း တစ်

## တောရ၏ ဉာဏ်ပညာ
### ဖော်ထုတ်ခြင်း

mgyoe.com

mgyoe.com

## အခန်း (၁)
## ရှစ်နှစ်သမီး ဆင်မလေး ဘယ်လာ

ဘယ်လာက သူများနဲ့ မတူဘူး။ ဆင်ပေါက်လေးတွေ အများစုဟာ သူတို့ထက် အသက်အရွယ်ပိုကြီးသူတွေ၊ အတွေ့အကြုံများပြီးသား ဆွေမျိုးတွေအနားမှာပဲ ကပ်နေပြီး ဆင်အုပ်နဲ့အတူ ကျေကျေနပ်နပ် လိုက်ကြတယ်။ ဘယ်လာကတော့ သူ့ဘာသာသူ စွန့်စားဖွေရှာချင်တယ်။ သူဟာ မနက်တိုင်း ဆင်အုပ်နဲ့ မလှမ်းမကမ်းမှ ခွာပြီး သူ့သဘောနဲ့ သူ လမ်းရှာသွားလေ့ရှိတယ်။ ပြီးတော့ တစ်ရက်ကို နည်းနည်းစီ ဆင်အုပ်နဲ့ ပိုခွာသွားပါတယ်။ သူ့ရဲ့ စွန့်စားခန်းမှာ ဦးတည်ရာ အရပ်က နည်းနည်းချင်းစီ ကွဲပြားသွားပါတယ်။

အမှန်တော့ ဘယ်လာ ဒီလိုလျှောက်သွားကြည့်တာက နေရာအသစ်တွေ၊ သတ္တဝါအသစ်တွေကို တွေ့ရဖို့သက်သက် မဟုတ်ပါဘူး။ တောထဲမှာ သူ့လမ်းကြောင်းသူ ထွင်သွားနိုင်အောင် လမ်းပြပေးမယ့် သဲလွန်စတွေကို ရှာတာလည်းပါတယ်။ တောမှာ ကြီးမားတဲ့ လှို့ဝှက်မှု၊ အလားအလာနဲ့ အမှန်တရားတို့ ရှိတယ်။ အချိန်ရဲ့ အစကတည်းက လောက လှို့ဝှက်ချက်တို့ရဲ့ ရှေ့ပြေးနိမိတ်၊ ကမ္ဘာပေါ်က ရှေးအကျဆုံး နေရာဖြစ်တယ်။ တောက

mgyoe.com

mgyoe.com


ပေးတဲ့ အလားအလာတွေဟာ မကုန်အောင် များပြားတယ်။ ရွေးစရာတွေက အမျိုးမျိုးရှိတယ်။

ဘယ်လာအတွက်တော့ ရက်တွေကြာသွားပေမဲ့ ဘယ်ဦးတည်ရာ၊ ဘယ်လမ်းကို လိုက်ရမလဲဆိုတဲ့ ရွေးချယ်မှုအတွက် ရှင်းရှင်းလင်းလင်း အဖြေကို ရှာမတွေ့နိုင်ပါဘူး။ မြင်ကွင်းအသစ်တစ်ခုစီက မေးခွန်းအသစ်တွေကို ပေါ်လာစေတယ်။ မေးခွန်းအသစ်တစ်ခု ပေါ်လာတိုင်း အင်မတန် ကျယ်ပြောပြီး စိတ်လှုပ်ရှားစရာကောင်းတဲ့ တောကြီးမျက်မည်းထဲမှာ သူ့လမ်းကို ရှာတွေ့ချင်တဲ့ အာသီသက ကြီးထွားလို့ လာပါတယ်။ နေ့တိုင်း နေ့တိုင်းဟာ မျှော်လင့်ချက်နဲ့ အစပြုခဲ့တယ်ဆိုပေမဲ့ စိတ်ပျက်ခြင်းနဲ့ အဆုံးသတ်ရပါတယ်။

ဘယ်လာက ဝမ်းနည်းပက်လက် တွေးပါတယ်။ "ငါ ဘယ်သူလဲ။ တောထဲမှာ ငါ့နေရာက ဘာလဲ။ ဘဝက ငါ့အတွက် ထူးထူးခြားခြား ပြင်ဆင်ထားတာ တစ်ခုခုများ ရှိလေသလား။"

❒

mgyoe.com

mgyoe.com

"

တောထဲမှာ ငါ့နေရာက ဘာလဲ . . .

ဘဝက ငါ့အတွက် ထူးထူးခြားခြား

ပြင်ဆင်ထားတာ တစ်ခုခုများ ရှိလေသလား....

"

mgyoe.com

mgyoe.com

# အခန်း (၂)
# လိပ်ပြာ

မွန်းလွဲနှောင်းပိုင်းတစ်ခုမှာ အနီနဲ့စိမ်းပြာရောင် အပြောက်ခြယ်ထားတဲ့ လိပ်ပြာတစ်ကောင်ဟာ ဘယ်လာ့အာရုံကို ဖမ်းစားလိုက်ပါတယ်။ ဘယ်လာဟာ သွားရင်းလာရင်း လိပ်ပြာတွေကို မြင်နေကျ ဖြစ်လာပါပြီ။ လိပ်ပြာအချို့ အုပ်ဖွဲ့ပျံသန်းနေတာတောင် မြင်ဖူးပါတယ်။ ဒါပေမဲ့ ဒီလိပ်ပြာဟာ ထူးခြားတယ်။ သူ့ရဲ့လှုပ်ရှားပုံတွေက အားအင်တစ်ခုခု၊ ခံယူချက်တစ်ခုခုကို ဖော်ပြနေသလိုရှိတယ်။

ကြည့်နေရင်းနဲ့ လိပ်ပြာဟာ သူ့နှာမောင်းပေါ်ကို တိုက်ရိုက်လာနားပါတယ်။ တစ်ခါ တစ်ခါ တစ်ကြိမ်တည်း၊ တစ်ခါတလေတော့ တစ်ရက်တည်းနဲ့ အကြိမ်အများကြီးလည်း လာနားတယ်။ ဒီလိပ်ပြာဟာ ရဲဝံ့တယ်၊ အကြောက်အလန့် မရှိဘူးလို့ ဘယ်လာ သတိပြုမိတယ်။

ဘယ်လာရဲ့ စွန့်စားခန်း ရက်ပေါင်းလေးဆယ်လောက် ကြာသွားတဲ့အချိန် မြူဆိုင်းတဲ့ အင်္ဂါနေ့မနက်တစ်ခုမှာ အနီနဲ့စိမ်းပြာရောင် အပြောက်ခြယ်တဲ့ လိပ်ပြာဟာ ဘယ်လာရဲ့ မျက်လုံးနှစ်ခုကြားက နှာမောင်းပေါ်ကို တစ်ခါလာနားပြန်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူက တစ်မနက်လုံး

mgyoe.com

mgyoe.com


ဘယ်လာရဲ့ စူးစမ်းစွန့်စားမှုကို စိတ်ဝင်တစားနဲ့ တရစ်ဝဲဝဲ လိုက်ကြည့်လို့ နေပါတယ်။

အချိန်နည်းနည်းကြာတော့ စကားပြောနူးညံ့သူလေး ဘယ်လာဟာ သူ့ကိုတွယ်ကပ်နေတဲ့ မျက်နှာပြောင်တဲ့ လိပ်ပြာကို စိတ်မရှည်သလို ကြည့်လိုက်ပြီး "ရှင်က ဘာလိုချင်လို့လဲ" မေးခွန်းထုတ်လိုက်ပါတယ်။

"ဘဝဟာ သတ္တိရှိခြင်းနဲ့ စတင်တယ်" လိပ်ပြာက ချက်ချင်း အဖြေ ပြန်ပေးပါတယ်။ "မေးခွန်းထုတ်ရဲတဲ့ သတ္တိ၊ အတွင်းကျကျ ကြည့်ရဲတဲ့ သတ္တိတို့ဟာ တောတွင်းက မင်းရဲ့ သူမတူတဲ့ နေရာကို ဖော်ထုတ်ဖို့ ပထမဆုံး ခြေလှမ်းတွေပဲ" လိပ်ပြာဟာ သူ့ရဲ့ ရောင်စုံအတောင်ပံကို တဖျပ်ဖျပ် ခတ်ရင်း ပျံသွားပါတယ်။

အဲဒီနေ့မှာ မိုးနဲ့မြူတွေက ဘယ်လာကို စူးစမ်းစရာ နေရာအသစ်တွေ မမြင်တော့အောင် ပိတ်ဆီးထားလို့ သူဟာ အိမ်ကိုပဲ ပြန်ခဲ့ပါတယ်။ အိမ်အပြန်လမ်းမှာ လိပ်ပြာပြောသွားတဲ့ စကားတွေကို တစိမ့်စိမ့်တွေးကြည့်ရင်းနဲ့ပေါ့။

❒

mgyoe.com

mgyoe.com

"မေးခွန်းထုတ်ရဲတဲ့ သတ္တိ၊ အတွင်းကျကျ ကြည့်ရဲတဲ့ သတ္တိတို့ဟာ တောတွင်းက မင်းရဲ့ သူမတူတဲ့ နေရာကို ဖော်ထုတ်ဖို့ ပထမဆုံးခြေလှမ်းတွေပဲ"

mgyoe.com

mgyoe.com

## အခန်း (၃)
## စူးစူးစမ်းစမ်း ပေါင်းဖက်မိခြင်း

ရက်အတန်ကြာပြီးတော့ ဘယ်လာဟာ လိပ်ပြာနဲ့ ပြန်တွေ့ပါတယ်။ ဒီတစ်ခါတော့ သူဟာ ဘယ်လာ အသစ်ရှာတွေ့ထားတဲ့ တောင်ကြောမှာ ပေါက်နေတဲ့ အမြင့်ဆုံး သစ်ပင်တစ်ပင်ရဲ့ ထိပ်ဖျားမှာ ရှိနေတာပါ။

"ရှင့်နာမည် ဘယ်လိုခေါ်လဲ။ ဘာကြောင့် ကျွန်မနောက်ကို လိုက်နေရတာလဲ" လို့ ဘယ်လာက အော်မေးလိုက်ပါတယ်။

"ကျုပ်နာမည်က စီရာတဲ့" လိပ်ပြာက ပြန်ဖြေတယ်။ တောဟာ ကြီးမြတ်တဲ့ ဉာဏ်ပညာ၊ ရှေးကျတဲ့ ဉာဏ်ပညာနဲ့ မျိုးဆက်ပေါင်းရာထောင်တို့ရဲ့ ဉာဏ်ပညာတွေ တည်မှီရာပဲ။ လိပ်ပြာက ဘယ်လာရဲ့ မျက်လုံးထဲကို တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်တယ်။ "မင်းမှာ သင်ယူစရာတွေ အများကြီးပဲ။ မင်းကို ကျုပ်က သင်ကြားပေးချင်တယ်"

စိတ်ထဲမှာ ကသိကအောက်ဖြစ်သွားတဲ့ ဘယ်လာက ဟန်ပါပါနဲ့ ပြန်မေးလိုက်တယ်။ "ရှင်က ကျွန်မကို သင်ပေးစရာ အများကြီးရှိတယ်၊ ဟုတ်တစ။ ရှင့်ကိုယ် ရှင် ပိုးမွှားလိပ်ပြာလေးတစ်ကောင်ဆိုတာ သတိများ မပြုမိရှာသလား။ ကျွန်မတို့မှာ တူတာ တစ်ခုမှ မရှိဘူး။ ရှင်က ဘာတွေများ

mgyoe.com

mgyoe.com


သင်ပေးနိုင်မှာပါလိမ့်"

"ကျုပ်ဟာ ဟောသည် တောကြီးမှာ ကြီးမားလှတဲ့ တောင်စဉ်တောင်တန်းတွေ၊ ကြမ်းကြမ်းရိုင်းရိုင်း စီးဆင်းနေတဲ့ မြစ်တွေ၊ မိုးထိနေတဲ့ သစ်ပင်ထိပ်ဖျားတွေအပေါ်က ပျံသန်းလာခဲ့တာ။ ကျုပ်ရဲ့ မေးခွန်းတွေအတွက် အဖြေကို ဖြတ်ကျော်ခဲ့တဲ့ တောင်တန်းတွေဆီမှာ ရှာတွေ့မှာ မဟုတ်ဘူး။ နားထဲကို တဝုန်းဝုန်း အသံမြည်အောင် ဝင်လာတဲ့ မြစ်ရေစီးကြောင်းမှာလည်း ရှာမတွေ့ဘူး။ အမြင့်ဆုံး သစ်ပင်တွေပေါ်မှာ ပြီးတော့ ကုန်ကုန်ပြောရရင် ကျုပ်ရောက်ခဲ့သမျှ ထူးထူးခြားခြားနေရာ တစ်နေရာမှာမှ ရှာတွေ့စရာ အကြောင်းမရှိဘူးဆိုတာ သိလာခဲ့တယ်"

ဘယ်လာကို ထိုးထွင်းမြင်ရသလိုမျိုး ကြည့်ရင်း လိပ်ပြာက ရှေ့ဆက်လိုက်ပါတယ်။ "ကျုပ် မေးခွန်းတွေအတွက် အဖြေဟာ ကျုပ်ဆီမှာပဲ ရှာတွေ့နိုင်တယ်။ မင်း ရှာဖွေနေတဲ့အရာဟာ မင်းဆီမှာပဲ ရှိတယ် ဘယ်လာ။ အဲဒါကို ဖော်ထုတ်ကြစို့"

❒

mgyoe.com

mgyoe.com

## အခန်း (၄)
## ဖော်ထုတ်ပါ၊ စိတ်ကူးပုံဖော်ပါ

နောက်တစ်နေ့မနက်မှာ လိပ်ပြာဟာ စောစောစီးစီး ဘယ်လာ့ နှာမောင်းပေါ်မှာ နားပြီး စောင့်နေပါတယ်။ ဘယ်လာ မျက်လုံး စဖွင့်ဖွင့်ချင်း မှာပဲ လိပ်ပြာက စကားစပါတယ်။ "ဒီကနေ့ မင်း ဘယ်မှ သွားစရာမလိုဘူး ဘယ်လာ။ လျှောက်သွားနေလို့ ဘာမှ ရစရာ မရှိဘူး။ တောရဲ့ ဉာဏ်ပညာ က မင်းသာ မင်းရဲ့ စိတ်ထက်သန်မှုကို ဖော်ပြပေးရင် မင်းရဲ့အားသာချက် တွေကို သိထားရင်၊ မင်းရဲ့ လိုအပ်ချက်တွေကို နားလည်ထားရင် ဘဝ လမ်းညွှန် ရောက်လာမယ်ဆိုတာကို သတိမှတ်ထားပြီးသား"

"တောတွင်း ဘဝအတွက် မေးခွန်းလေးခုကို စပြီး အဖြေရှာ ဖော်ထုတ် ကြည့်ရအောင်။ ဒီမေးခွန်းတွေ ဖြေရာမှာ ရိုးသားမှုကြီးကြီးထားရမယ်။ မင်း အတွက် မေးခွန်းတွေက လွယ်ကောင်း လွယ်နေနိုင်တယ်။ ဒါပေမဲ့ အမှန် မှာ ဒီမေးခွန်းတွေက မင်းအဖြေထုတ်ဖူးသမျှမှာ အခက်ဆုံးဖြစ်လိမ့်မယ်။ ဒီမေးခွန်းတွေကို ဖြေဖို့ အကောင်းဆုံးနည်းလမ်းကတော့ မင်းရဲ့စိတ်မှာ ထင်တဲ့အဖြေမျိုးမဟုတ်ဘဲ ရင်ထဲအသည်းထဲက လာတဲ့ အဖြေမျိုးကို ပေးဖို့ ပဲ ဘယ်လာ"

mgyoe.com

mgyoe.com


ဘယ်လာဟာ စိတ်ရှုပ်သွားပါတယ်။ စိတ်လည်း နည်းနည်းတိုသွားသလို သိချင်စိတ်လည်း ပေါက်လာပါတယ်။ လိပ်ပြာဟာ ဒီအခွင့်အရေးကို အမိအရ အသုံးချပြီး မေးခွန်းတွေ စထုတ်ပါတော့တယ်။

"သေသေချာချာ နားထောင် ဘယ်လာ။ ပြီးတော့ မေးခွန်းတစ်ခုစီကို မှတ်သားထား"

"**မေးခွန်း ၁** – မင်းအနေနဲ့ Career တစ်ခုခုကို ရွေးချယ်လုပ်ဆောင်နိုင်မယ်ဆိုရင် အဲဒါက ဘာဖြစ်မလဲ"

- ကိုယ့်အုပ်စုနဲ့ ပတ်သက်လို့ စိတ်ပူစရာမလိုဘူးလား။ ဒါမှမဟုတ် သူများက မင်းကို ယုံကြည်မျှော်လင့်ထားတဲ့ အကြောင်းတွေနဲ့ ပတ်သက်လို့ စိတ်ပူစရာ မလိုဘူးလား။
- မင်း လိုအပ်မယ့် အစာရေစာနဲ့ အကာအကွယ်အားလုံးရမယ် ဆိုတဲ့ အာမခံချက်ရှိလား။
- ဘာမဆို လုပ်နိုင်မှာလား။ ဘယ်နေရာမဆို သွားနိုင်မှာလား။
- ဘယ်ဆင်မှ မရောက်ဖူးတဲ့ နေရာတစ်ခုကို စွန့်စားသွားနိုင်မှာလား၊ ဒါမှမဟုတ် ခုချိန်ထိ ဘယ်ဆင်မှ မလုပ်ခဲ့ရသေးနိုင်တဲ့ အရာကို လုပ်နိုင်မှာလား။ မင်း ဘာကို လုပ်ဖို့ ရွေးချယ်မှာလဲ။

"အတွင်းမှာ ရှာပါ ဘယ်လာ။ မင်း နှလုံးသားထဲမှာ၊ မင်းရဲ့ ပင်ကိုသိစိတ်မှာ ဖွေရှာပါ။ မင်းရဲ့ ထက်သန်တဲ့ ဆန္ဒကို ဖော်ထုတ်ပါ။ ဒါကို လုပ်လိုက်ပြီးရင် မင်း စိတ်ဆန္ဒအတိုင်း လိုက်ပါဆောင်ရွက်နေတဲ့ မင်းကိုယ်မင်း စိတ်ကူးပုံဖော်ကြည့်ပါ။ အဲဒီကနေမှ နောက်ထပ်မေးခွန်းက လာမှာ"

"**မေးခွန်း ၂** – မင်းဟာ မင်းရဲ့စိတ်ဆန္ဒအတိုင်း လိုက်နေတယ်၊ နေ့စဉ် နီးထတိုင်းမှာ အဲဒီဆန္ဒကို ဖြစ်မြောက်အောင် အကောင်အထည်ဖော်နေပြီး နောက်ဆုံးမှာ အောင်မြင်မှုကို ရရှိသွားတယ်လို့ ပုံဖော်ကြည့်တဲ့အခါ အဲဒါက မင်းကို ဘယ်လိုခံစားရစေသလဲ"

- မင်း စိတ်အားတက်ကြွလာသလား၊ စိတ်ကူးစိတ်သန်းတွေ ကောင်းလာသလား။ ဒါမှမဟုတ် ထိတ်လန့်သွားသလား။

mgyoe.com

mgyoe.com

၀ မင်းမှာ အခွင့်အာဏာရှိတယ်လို့ ခံစားရလား၊ ဂုဏ်ယူမိလား၊ ခွန်အား ဖြစ်လား။

၀ ကျရှုံးမှာကို ကြောက်မိလား။ ပြီးတော့ တစ်ချိန်တည်းမှာ အောင်မြင်မှာကိုရော ကြောက်မိလား။

"အပေါ်မှာ ပြောခဲ့တာတွေ အားလုံးက မှန်တယ်ဆိုရင် မင်းဟာ ဖြစ်ချင်နေတဲ့၊ ထက်သန်နေတဲ့ ဆန္ဒတစ်ခုကို ဖော်ထုတ်လိုက်တာပဲ။ မင်းရဲ့ တစ်မူးထူးတဲ့ ရည်မှန်းချက်၊ စစ်မှန်တဲ့ ခံစားချက်ကို လှစ်ဟပြလိုက်တာပဲ။ အဲဒီလိုမှ မဟုတ်ရင် မေးခွန်းတွေကို နောက်တစ်ခေါက် ပြန်ဖြေကြည့်ပေါ့။ ပိုပြီး သတ္တိရှိရှိ၊ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီးတော့ပေါ့။ ကြောက်တာတွေ၊ ယုတ္တိရှိတာ မရှိတာတွေကို ဘေးဖယ်ထားပါ။ အဲဒါတွေက အနှောင့် အယှက် ဖြစ်နိုင်တယ်"

"မင်းရဲ့ ရင်ထဲ အသည်းထဲကို ရောက်အောင် ဝင်ကြည့်လိုက်ပါ ဘယ်လာ"

❐

mgyoe.com

mgyoe.com

“

‘ငါ့ရဲ့ စိတ်နှလုံးသားထဲမှာ ရှိနေရမယ်’ ဆိုတာ

‘ငါ့ရဲ့ စံနမူနာထားရတဲ့ Career က ဘာလဲ’
‘သူ့ကို ငါ တကယ် ချစ်ရဲ့လား’ ဆိုတဲ့
ဘဝရဲ့ အရေးအကြီးဆုံး မေးခွန်းမျိုးတွေကို
ပိုင်းခြားဆင်ခြင်တဲ့ စိတ်ကို ချန်ထားပြီး
မင်းနှလုံးသား၊ မင်းရဲ့ ပင်ကိုသိစိတ်နဲ့ပဲ
အဖြေပေးရမယ်။

”

mgyoe.com

mgyoe.com

# အခန်း (၅)

# သတ္တိ

သုံးလေးရက်နေတော့ လိပ်ပြာဟာ အပြင်မှာ အရုဏ်မကျင်းခင်ကတည်းက ပြန်ရောက်လာတယ်။ ဒီတစ်ခါကျတော့ သူဟာ ဘယ်လာမျက်နှာပေါ်မှာ လူးလာဝဲပျံပြီး ဖွဖွလေး နှိုးလိုက်တယ်။

"စီရာ၊ ရှင် ဘာလုပ်နေတာလဲ"

"မင်းရဲ့ မနက်ခင်းကို လှုပ်နှိုးနေတာ ဘယ်လာ။ မနက်ခင်းမှာ နိုးနိုးကြားကြား ရှိလိုက်စမ်းပါ။ နေ့သစ်တစ်ခုနဲ့ နေ့သစ်က ဆောင်ကြဉ်းပေးတဲ့ အခွင့်အလမ်းတွေ အားလုံးကို ကျုပ်တို့ ယူဆောင်ပြီး ချီတက်သွားရမယ်။ အဲဒီနေ့သစ်ကျရောက်လာတဲ့ အချိန်အထိ ကျုပ်တို့ စောင့်မှာ မဟုတ်ဘူး။ မင်းကို ကျုပ် အိမ်စာပေးခဲ့တာ အခုအချိန်စေ့ပြီ"

"အိမ်စာ… ရှင်က ကျွန်မကို အိမ်စာ ပေးခဲ့တယ်။ ဟုတ်လား။ အဲဒီ မေးခွန်းတွေကို နေ့တိုင်း ကျွန်မကိုယ်ကျွန်မ ပြန်မေးနေတာ ရှင်မသိဘူးလား။ ကျွန်မမှာ စိတ်ကူးတွေ အများကြီးပဲ စီရာ။ ဒါပေမဲ့ ဒီစိတ်ကူးတွေက သုံးစားလို့ မရဘူး။ ရင်ထဲ အသည်းထဲက လာတဲ့အတိုင်း လိုက်ပါလို့ ရှင်ပြောတယ်။ ကျွန်မသာ အဲဒီအတိုင်းလိုက်လုပ်ရင် ကြီးကြီးငယ်ငယ် ပုပု

mgyoe.com

mgyoe.com


ကွကွ ဆင်မှန်သမျှ ကျွန်မကို လှောင်ပြောင်သရော်ကြလိမ့်မယ်။ အမှန်ကို မြင်စမ်းပါရှင်။ တောဆိုတာ ကြမ်းတမ်းတယ်၊ အမှားအယွင်း မခံဘူးဆိုတာ ရှင်သိသားပဲ။ ဒါနဲ့ နေပါဦး... လိပ်ပြာတွေဟာ တောထဲမှာ မျက်စိနောက်စရာ အကောင်းဆုံး သတ္တဝါတွေဆိုတာ ကျွန်မ ပြောပြီးပြီလား"

"ဘယ်လာ... ကျုပ်ဟာ တစ်ချိန်က အရောင်မရှိ၊ ပျံနိုင်တဲ့အစွမ်းမရှိ၊ အမြင်အာရုံနည်းနည်းပဲရတဲ့ ဖောက်ဖတ်တစ်ကောင်ပါပဲ။ တစ်နေ့မှာ ကျုပ်ရဲ့ အသွေးအရောင်တွေက တောက်ပလွန်းလက်လာပြီး ဒီတောကြီးရဲ့ အပေါ်စီးကနေ ဝဲပျံနေနိုင်လိမ့်မယ်လို့ ဘယ်သူက တွေးမိမှာလဲ။ ကျုပ်ရဲ့ မျက်လုံးတွေဟာ မြင်ပေါက်တစ်ထောင်အထိ ရှိလာပြီ။ ပြီးတော့ တောထဲက တိရစ္ဆာန်အများစုထက်လည်း ပိုပြီး မြန်မြန်နဲ့ ဝေးဝေးကို မြင်နိုင်တယ်။ ကျုပ်ဟာ တစ်စုံတစ်ခု ဖြစ်ခဲ့တယ်။ ဘာမှမဟုတ်တဲ့အရာလည်း ဖြစ်ခဲ့တယ်။ နောက်တော့ ကျုပ်ဟာ ကျုပ်ဖြစ်လာတယ်။ ကျုပ်ရဲ့ ပြင်းပြတဲ့ဆန္ဒက ကျုပ်ရဲ့ အရှိတရားကို ပေးတယ်။ မင်းမှာ ပြင်းပြတဲ့ဆန္ဒရှိလာရင်လည်း အဲဒါက မင်းဘဝကို ဖန်တီးပေးမှာပဲ။ အခု ကျုပ်ရဲ့အရှိတရား (ကျုပ်ရဲ့ဘဝ) ဟာ ကျုပ်ရဲ့ စိတ်ကူးအိပ်မက်ထက်တောင် ထူးကဲကောင်းမွန်ပါသေးတယ်"

ဘယ်လာဟာ မဝံ့တဝံ့ လှောက်လဲကြည့်လိုက်တယ်။ "ကျွန်မ လိုချင်တာ ဘာလဲဆိုတာကို ကျွန်မကိုယ်တိုင်က မသေချာရင်ကော။ ကျွန်မ လုပ်ကြည့်ချင်တာတွေ အရမ်းများနေရင်ကော။ ကျွန်မ အဖေကတော့ ကျွန်မဟာ မွေးရာပါ ဆရာဗီဇပါတဲ့သူတစ်ယောက်။ ဒါကြောင့် စိမ့်မြေက ဟောဝန် အကယ်ဒမီကျောင်းမှာ သင်ကြားရေး တာဝန်ယူသင့်တယ်လို့ ထင်နေတယ်။ အမေကတော့ ကျွန်မမှာ ဖန်တီးမှုအရည်အချင်းရှိတယ်။ ပန်းချီကျော်တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားတယ်။ ရေတံခွန်အနုပညာကျောင်းက ပန်းချီသင်တန်းတွေမှာ ကျွန်မက ထူးချွန်တယ်။ တစ်နေ့နေ့မှာ ကျွန်မလက်ရာတွေကို ဟောဒီရဂုံတောကြီးက ကျင်းပတဲ့ ပွဲတော်တွေမှာ ရောင်း ချင်ရောင်းနိုင်မှာ။ အဖေ ပြောတာ မှန်တယ်။ သူများတွေကို ကျွန်မ သင်ကြားပေးနိုင်တယ်။ အမေလည်း မှန်တာပဲ။ ကျွန်မက ဖန်တီးမှုကောင်းတယ်၊ သူများတွေ တွေးမိမှာ မဟုတ်တဲ့ အနုပညာမြောက်လက်ရာတွေ ရလာလိမ့်မယ်။ စီရာရေ... ကျွန်မတော့ ဝေခွဲမရတော့ပါဘူး"

mgyoe.com

mgyoe.com


"ကောင်းပြီ ဘယ်လာ။ ဒါ အစကောင်းပဲ။ အလုပ်စကြစို့။ ကျုပ်မိတ်ဆွေတစ်ယောက်က ဒါကို အဖြေရှာကြည့်ဖို့ နည်းကောင်းတစ်ခု ပေးဖူးတယ်။ ကျုပ်ကတော့ ဒီနည်းကို 'ကြေးမုံစစ်ဆေးချက်' လို့ခေါ်တယ်" လိပ်ပြာဟာ သူ့အတောင်ပံကြားမှာ ဝှက်ထားတဲ့ မှန်ကလေးတစ်ချပ်ကို ထုတ်လိုက်တယ်။ "ဒီစစ်ဆေးချက်အတွက် မင်းဟာ မှန်ကို ကြည့်နေရင်း စောစောက ပြောတဲ့ လမ်းနှစ်မျိုးကို ဖော်ပြရမယ်" လို့ လိပ်ပြာက ပြောပါတယ်။

ဘယ်လာ မှန်ရှေ့မှာရပ်ပြီး ကျောင်းဆရာမတစ်ယောက် ဖြစ်လာဖို့ အလားအလာကို ပုံဖော်ပြနေတာကို လိပ်ပြာက စောင့်ကြည့်ပါတယ်။ သူဟာ သင်ကြားမှုအလုပ်ကို ဘယ်လိုတွေ ဖော်ဆောင်မလဲဆိုတာကို အသေးစိတ်ပြောပါတယ်။ သူ့ရဲ့ အရည်အချင်းတွေ၊ သူစွမ်းဆောင်နိုင်တဲ့ အရာတွေကို ရှင်းရှင်းလင်းလင်း ပြောပြတယ်။ သူ့ဘဝရဲ့ တစ်နေ့တာဟာ ဘယ်လိုရှိမယ်၊ ဘယ်လိုပုံဖြစ်မယ် ဆိုတာကို ဖော်ပြပေးတယ်။ လိပ်ပြာက မမှိတ်မသုန်စောင့်ကြည့်ခဲ့ပါတယ်။ စိတ်ထဲမှာလည်း ဘယ်လာ့ရဲ့ လေသံ၊ ခန္ဓာကိုယ်နဲ့ မျက်နှာလှုပ်ရှားမှု အမူအရာတွေကို မှတ်သားထားရင်းနဲ့ပေါ့။

အဲဒီနောက်မှာ ဘယ်လာက အသက်ကို ပြင်းပြင်းတစ်ချက်ရှိုက်လိုက်ပါတယ်။ နှာမောင်းကို မြှောက်ပြီး ဆင်မယဉ်သာ တစ်ပတ်လှည့်လိုက်ပါတယ်။ ပြီးတာနဲ့ ပန်းချီဆရာမတစ်ယောက်အဖြစ် သူ့ဘဝကို ပုံဖော်ပြတော့တာပဲ။ သူက ဘယ်လိုကွဲပြားတဲ့ စတိုင်လ်တွေနဲ့ ပန်းချီကားတွေကို ဆွဲပြမယ်ဆိုတဲ့အကြောင်း၊ လူဝံပေါက်ကလေးတွေကနေ စိမ့်မြေရဲ့ တောင်ဘက်အဖျားမှာ လှမ်းမြင်ရတဲ့ နေဝင်ချိန်တွေအထိ သူလက်စွမ်းပြဖို့ အသုံးပြုနိုင်တဲ့ တောတွင်းက စိတ်ဝင်စားဖွယ် သဘာဝရှုခင်းတွေအကြောင်း၊ ပန်းချီပညာရှင်တစ်ယောက်အနေနဲ့ သူမရဲ့ တစ်နေ့တာက ဘယ်လိုဘယ်ပုံ ရှိလိမ့်မယ်ဆိုတာကို တစ်ခုပြီး တစ်ခု ပြောပြပါတယ်။

လိပ်ပြာရဲ့အကြည့်ဟာ ဘယ်လာဆီကနေ လုံးဝ ခွာမသွားပါဘူး။ ဘယ်လာရဲ့ဟန်အမူအရာက သိမ်မွေ့တဲ့ကွဲပြားချက်တစ်ခုချင်းစီနဲ့ ဘယ်လာ့အသံအားအင်မှာ ဖြစ်လာတဲ့ အပြောင်းအလဲတိုင်းကို အာရုံစိုက်ထားတဲ့နေရာမှာ လိပ်ပြာရဲ့ စူးစိုက်ခြင်းက ပြိုင်ဘက်ကင်းပါပဲ။ ဘယ်လာ့ရဲ့ မျက်လုံးတွေကတော့ သူငေးစိုက်ကြည့်နေတဲ့ ကြေးမုံပြင်ကနေ လွှဲဖယ်မသွားပါဘူး။

mgyoe.com

mgyoe.com


ပြီးသွားတဲ့အခါမှာတော့ ဒီအတွေ့အကြုံကနေ အားကုန်မောပန်းသွားတဲ့ ဘယ်လာက ခေါင်းငိုက်စိုက်ကျသွားပါတယ်။ ခဏနေလို့ သူ့ခေါင်းကို ပြန်ပင့်တင်လိုက်တဲ့အချိန်မှာ မျက်ရည်တွေဟာ နှာမောင်းကနေ လိမ့်ဆင်းကျလာပါတယ်။ "ကြေးမုံစမ်းသပ်ချက်က အဖြစ်အပျက်ကိုတော့ ကောင်းကောင်း ပြောပြပါတယ်။ ဒါပေမဲ့ ခွန်အားတို့၊ ပြင်းပြတဲ့ ဆန္ဒတို့၊ စိတ်ဇောသန်မှုတို့တွေ ဘာဆိုဘာမှ မရှိဘူး။ ကျွန်မတို့ ကျသွားပြီ ထင်တယ်" လို့ ဘယ်လာက အသံတိမ်တိမ်နဲ့ ပြောလိုက်တယ်။

လိပ်ပြာကတော့ သူ့မျက်လုံးထဲမှာ လိုက်လှဲတဲ့ ခံစားချက်တစ်ခုနဲ့ နှစ်လိုဖွယ် အပြုံးတစ်ခုကိုဆင်ရင်း တီးတိုးဆိုလိုက်ပါတယ်။ "မင်း ပြောသွားတာ ပြောစရာမလိုအောင် ကောင်းပါတယ်။ မင်းရင်ထဲမှာ ရှိတဲ့အရာကို မင်းက အရိုးခံအတိုင်း ဖော်ပြသွားတာပဲ။ မင်းရဲ့အသံ၊ မင်းရဲ့မျက်နှာ အမူအရာမှာ ပြင်းပြတဲ့ဆန္ဒ မရှိဘူး။ မင်းရဲ့ လေသံဟန်ပန်တွေမှာ အားမပါဘူး။ ပေါင်းရုံးကြည့်တော့ စိတ်လှုပ်ရှားတက်ကြွစရာ မတွေ့ရဘူး။ တစ်မျိုးတော့ တစ်မျိုးပဲ။ မင်းကို ကြည့်နေရတာ စိတ်မချမ်းမြေ့စရာ ဖြစ်ရတယ်။ ကံကောင်းတာက မင်းထည့်စဉ်းစားဖို့ မလိုတဲ့ လမ်းကြောင်းတွေကို အခုကျုပ်တို့ နားလည်သွားပြီ"

"ကျုပ်ကို ပြောစမ်းပါ ဘယ်လာ၊ မင်းကို ဘယ်အရာက မနက်အိပ်ရာထဖို့ စိတ်လှုပ်ရှားတက်ကြွနေအောင် လုပ်နိုင်မှာလဲ၊ တစ်နေ့တာစတင်ဖို့ မင်းအနေနဲ့ မစောင့်နိုင်အောင်၊ ရှိခဲ့ဖူးသလား။ သူတို့အကြိုက်လိုက်လုပ်ပေးရမယ့် လူမျိုးမရှိရင် လိုလားချက်တွေ ပူပန်သောကတွေ မရှိရင် မင်းရဲ့ 'ဆင်စိတ်ဓာတ်' ကို မြှင့်တင်ပေးနိုင်မယ့်အရာက ဘာဖြစ်မလဲ။ မင်းဘာကို လုပ်ချင်တာလဲ ဘယ်လာ။ သစ်လွင်ပြီး လတ်ဆတ်တဲ့ စိတ်လှုပ်ရှားပျော်ရွှင်စရာကောင်းတဲ့ အရာတစ်ခုခုကို စဉ်းစားပါ"

ဘယ်လာဟာ တုံ့ဆိုင်းဆိုင်းနဲ့ ခေါင်းနည်းနည်း မော့လာပါတယ်။ ဒါပေမဲ့ စောစောကထက် အားပိုရှိလာသယောင်ပါပဲ။ အသံလည်း တက်တက်ကြွကြွ ပိုဖြစ်လာပြီး "ကျွန်မ လုပ်ချင်တဲ့အလုပ်က ရှုးနှမ်းနှမ်း နိုင်တယ်။ ဘယ်ဆင်မှ အဲဒီအလုပ်လုပ်ပြီး အသက်မွေးမှာ မဟုတ်ဘူး။ သဘာဝမကျဘူး၊ အဓိပ္ပာယ် မရှိဘူး" လို့ ပြောပါတယ်။ သူက ခေါင်းကို နှိမ်ချလိုက်ပြီး

mgyoe.com

mgyoe.com


စကားဆက်တယ်။ "တောထဲမှာ ဟိုဟိုသည်သည် လျှောက်သွားရင်း ဒီရှုးနှမ်းနှမ်း အတွေးက ကျွန်မ ခေါင်းထဲမှာ အမြဲရှိနေတယ်။ ဒါက ကျွန်မ စိတ်ထဲမှာတော့ အစစ်အမှန်လိုပဲ။ ပျော်စရာလည်း ကောင်းတယ်။ ဒါပေမဲ့ တောထဲမှာ တကယ်ဖြစ်လာဖို့ကို ကျွန်မ မြင်ယောင်ကြည့်လို့ကို မရဘူး"

"ဟုတ်ပြီ။" လိပ်ပြာဟာ စိတ်လှုပ်ရှားတဲ့ဟန်နဲ့ လေမှာ တစ်ချက်လူးလာ ဝဲပျံလိုက်ပြီး အော်လိုက်တယ်။ "ငါတို့ တစ်ခုခုတော့ ရပြီလို့ထင်တယ်။"

ဘယ်လာဟာ ကြေးမုံကို ချ၊ ကိုယ်ကို မတ်မတ်ရပ်ပြီး လိပ်ပြာကို မိနစ်အနည်းငယ်လောက် စူးစိုက်ကြည့်နေပြီးမှ စကားကို စတယ်။ "ခရီးသွားလုပ်ငန်းတစ်ခုကို ကျွန်မ ဖွင့်ချင်တာ။ တောထဲမှာ နေတဲ့သူတွေအတွက် ကမ္ဘာ့မြို့ကြီးတွေဆီကို သွားဖို့ ခရီးတွေကို ကျွန်မ စီစဉ်ပေးချင်တယ်"

ဘယ်လာက အားတက်သရော ဆက်ပြောတယ်။ "နယူးယောက်မြို့ကြီးရဲ့ ပုံတွေကို ကျွန်မ မြင်ဖူးတယ်။ အီဖယ်မျှော်စင်ကို ကျွန်မစိတ်ထဲမှာ တက်ဖူးတယ်။ ရောမမြို့ကြီးက ခံ့ညားထည်ဝါတဲ့ အဆောက်အအုံတွေ၊ စိန့်ပီတာစဘတ်က နန်းတော်တွေ၊ ရှန်ဟိုင်းမြို့ကြီးက မိုးမျှော်အဆောက်အအုံတွေအကြောင်း ကျွန်မစိတ်ကူးယဉ်ကြည့်ဖူးတယ်။ ကျွန်မအုပ်စုကနေ ဖယ်ခွာပြီး သွားနေတဲ့ တစ်ရက်စီတိုင်းမှာ သူတို့မြင်ဖူးတဲ့တစ်ခုတည်းသော ကမ္ဘာလောကကနေ မြင်ဖူး၊ ကြုံဖူးဖို့ စိတ်တောင်ကူးမကြည့်ဖူးတဲ့ နေရာတွေဆီကို တောတွင်းက အပေါင်းအဖော်တွေ သွားဖို့အတွက် စီစဉ်ပေးနေတဲ့ ကျွန်မကိုယ်ကျွန်မ မြင်ယောင်ကြည့်ရတာ အမောပဲ။ ခရီးသွားစာအုပ်တွေကိုလည်း ကျွန်မ အကုန်အလွတ်ရတယ်။ ညလယ်ကြီး တစ်ရေးနိုးပြီး ခရီးစဉ်တွေကို စီစဉ်နေမိတာလည်း အခါခါပဲ။ မတူတဲ့ ခရီးစဉ်ဆယ့်ငါးမျိုးကို ကျွန်မ အကြမ်းစဉ်းစားကြည့်ပြီးပြီ။ ကျွန်မက စီစဉ်ပေးရတာကို သဘောကျတယ်။ တိရစ္ဆာန်တွေကို ကျွန်မ ချစ်တယ်။ ကြိုးကြိုးစားစား လုပ်ရမှာကို ကျွန်မ နောက်မတွန့်ပါဘူး။ ဒီအတွေ့အကြုံတွေကရတဲ့ အကျိုးကျေးဇူး အနေနဲ့ ခရီးသွားတွေရဲ့ ဘဝတွေ ဘယ်လောက်အထိ တန်ဖိုးရှိလာလိမ့်မလဲ ဆိုတာကို မြင်ယောင်ကြည့်ရင်း ကျွန်မမှာ ညညဆို အိပ်မရနိုင်အောင်ပါပဲ။"

mgyoe.com

mgyoe.com


ဘယ်လာက စကားပြောတာကို ရုတ်ခြည်း ရပ်ပစ်လိုက်တယ်။ ခေါင်းငိုက်စိုက်ပြန်ချပြီး မှန်ထဲကို ကြည့်ရင်း ပြောတယ်။ "ဒါတွေအားလုံးဟာ ဘယ်လောက် ရှုးနှမ်းနှမ်းနိုင်လိုက်သလဲ။ မဟုတ်နိုင်ပါဘူးလို့ ပြောဖို့က ဆင်တစ်ကောင်ရဲ့ အရွယ်ပမာဏကို လျှော့ပေါ့ပြောသလိုပဲ ဖြစ်ရမယ်"

❐

mgyoe.com

mgyoe.com

“ကြေးမုံဟာ ကျွန်ုပ်တို့ရဲ့ အတွင်းသန္တာန်မှာ ခံစားနေရတဲ့
ဖော်ထုတ်ရ ခက်ခဲနိုင်တဲ့ အမှန်တရားတစ်ခုကို
ထင်ဟပ်ပြတဲ့ အစွမ်းထက်တဲ့ အရာဖြစ်တယ်”

mgyoe.com